# ဧဝံဂေလိလမ်းညွှန် Evangelism Guide

## ဧဝံဂေလိပြန့်ပွားရေး အဆင့် (၁)

## သင်တန်းမှတ်စု

## အခန်း(၁)

**ဒေသန္တရ အသင်းတော်များ**

ဧဝံဂေလိဆင့်ပွား (ဧ-ပွား) သည် ဒေသန္တရ အသင်းတော်များ၌ အခြေခံ လုပ်ဆောင်ရသော ဂိုဏ်းဂဏ္ဍပေါင်းစုံ ပါဝင်သည့် အမှုတော်လုပ်ငန်း ဖြစ်သည်။

**ကမ္ဘာတဝှမ်း**

မဟာမိန့်မှာစေခိုင်းချက် (The Great Commission) ကို နာခံသောအားဖြင့် ဒေါက်တာ ဒီကျိမ်းစ်ကနေဒီ (Dr. D James Kennedy) သည် ဧ-ပွားကို ၁၉၆၈ ခုနှစ်တွင် ဖောတ့်လောက်ဒါးလ်၊ ဖလော်ရီဒါ (Fort Lauderdale, Florida, USA) ၌ စတင်တည်ထောင် ခဲ့ပါသည်။ ယခုအခါ ဤအမှုတော်လုပ်ငန်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး တို့တွင်ရောက်ရှိ အကောင်အထည်ဖေါ် လုပ်ဆောင်နေပြီ ဖြစ်ပါသည်။

**ဆပွားတိုးပွားခြင်း**

ဧ-ပွားကို ထက်မြက်စွာ လက်တွေ့လုပ်ဆောင်သည့် အသင်းတော်များ၊ ဝိညာဉ်ရသော သူများကို လေ့ကျင့်ပေးသူ နည်းပြများ၊ ဝိညာဉ်ရသော သူများနှင့် ခရစ်တော်ထံသို့ ပို့ဆောင်ခြင်းခံရသူ ဝိညာဉ်များ (ကယ်တင်ခြင်း ရသူများ) သည် အမှန်ပင် ဆပွားတိုးပွား လာကြပါမည်။

## မိတ်ဆွေဖွဲ့ခြင်း

ဇ-ပွားသည် ယုံကြည်သူများကို မိမိတို့၏ လူမှုဆက်ဆံရေး ကွန်ခြာနယ်ပယ်တွင် အသက်တာ ပုံစံတစ်ရပ် ဖြစ်သော သက်သေခံခြင်းဖြင့် သက်သေခံနိုင်အောင် လေ့ကျင့် တပ်ဆင်ပေးပါသည်။

## ဇဝံဂေလိလုပ်ငန်း

ဇ-ပွား၏ ချည်းကပ်ဝေငှနည်း ပုံစံသည် အခြေခံအားဖြင့် တစ်ဦးချင်း ဇဝံဂေလိ ဝေငှခြင်း ဖြစ်သည်။

- သင်သည် ဇဝံဂေလိ သတင်းကောင်း တင်ဆက်ချက်၌ပါဝင်သော အကြောင်းအရာများနှင့် သတင်းကောင်း ထိရောက်စွာ ဝေငှနည်းတို့ကို တတ်ကျွမ်းအောင်လေ့ကျင့်သင်ကြားခြင်း ခံရပါမည်။
- မကြာခဏပင် "မိတ်ဆွေဖွဲ့ခြင်းဖြင့် ဇဝံဂေလိ လုပ်ဆောင်ခြင်း" သည် မိတ်ဆွေဖွဲ့ခြင်း အဆင့်ကို ကျော်လွန်ပြီးထာဝရအသက်နှင့် ဆိုင်သည့် ဇဝံဂေလိ သတင်းကောင်း ဟောပြောဝေမျှသည့် အဆင့်သို့ မရောက်ရှိနိုင်ခဲ့ပေ။

## တပည့်တော်ဖြစ်ခြင်း

သမ္မာကျမ်းစာနှင့် ကိုက်ညီသော တပည့်တော်ဖြစ်စေခြင်းသည် ဇဝံဂေလိ လုပ်ငန်းနောက်မှ အစဉ်တစိုက် လိုက်ပါရမည့်လုပ်ငန်းဖြစ်သည်။

## သန့်စွမ်းကြီးထွားခြင်း

ဇ-ပွား အသင်းတော်သည် အောက်ပါ ကြီးထွားမှု (၃) မျိုးကို တွေ့ကြုံ ရရှိခံစား ရပါမည်-

- **ဝိညာဉ်ရေးရာ-** ဖိလေမုန် ဩဝါဒစာ အပိုဒ် ၆ တွင် မိမိတို့ ယုံကြည်ခြင်းကို နိုးကြားစွာ ဝေငှသက်သေ ခံသောခရစ်ယာန်များသည် ဝိညာဉ်ရေးရာတွင် ကြီးထွားရင့်ကျက်လာမည်ဖြစ်ကြောင်း သွန်သင် ထားပါသည်။
- **အရေအတွက်-** ယုံကြည်သူ အသင်းသားများ မိမိတို့အသက်တာကို ခရစ်တော်ထံ ဆပ်ကပ်အပ်နှံ သည်နှင့်အမျှ အသင်းတော် သည်လည်း အရေအတွက်အားဖြင့် တိုးပွားလာပါမည်။

- **အဖွဲ့အစည်း-** ဇ-ပွားဖြင့် လေကျင့်တပ်ဆင်ခြင်း ခံရသူများသည် ပိုမိုထိရောက်သော အသင်းတော် ခေါင်းဆောင်များ၊ သင်းထောက်များ၊ ဥပုဒ်စာဖြေဆရာ (သို့မဟုတ်) ဆရာမများနှင့် အဖွဲ့ငယ် ခေါင်းဆောင်များ စသည်ဖြင့် ဖြစ်လာကြမည်ဖြစ်ပြီး၊ အဖွဲ့အစည်း အတွင်းတွင်လည်း ခေါင်းဆောင်သစ်များ ပေါက်ဖွားပေါ်ထွန်းလာပါမည်။

**ထိရောက်သော ဇာဝံဂေလိ လုပ်ဆောင်သည့် ဒေသန္တရလ အသင်းတော်ဖြစ်ရန် အခြေခံအချက်များ**

အသင်းတော် တာဝန်ယူရသည့် အခန်းကဏ္ဍ။ အသင်းတော်သည်-

- ထိရောက်စွာ စွမ်းဆောင်နိုင်သော ဇာဝံဂေလိ ဝေငှသည့် စစ်တပ်အသွင် အင်အားစု တစ်ခုဖြစ်လာ စေနိုင်ရန် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ် တစ်ခုနှင့် မေတ္တာဖြင့် စည်းလုံးညီညွတ် မှုရှိသော မိသားစု တခုဖြစ်ရမည်။
- သတင်းကောင်းပြောကြားရန် မဟာစေစားချက် ၌ တစ်လုံးတစ်ဝတည်း ဖြစ်ရမည်။

**ကျွန်ုပ်တို့သည် ဇ-ပွားအမှုတော် လုပ်ငန်းကို ဆောင်ရွက်ရာတွင် ဇ-ပွား၏ ယုံကြည်ခြင်းနှင့် အခြေခံမှုများ အပေါ် သဘောတူညီမှုကို အလေးထား ဂရုပြုကြမည် ဆိုလျှင် စည်းလုံးညီညွတ်မှု ပိုမိုတိုးတက် လာမည်ဖြစ်သည်။**